The German people are an orderly, vain, deeply sentimental and rather insensitive people. They seem to feel at their best when they are singing in chorus, saluting or obeying orders.

*H.G.Wells*

ဂျာမန်လူမျိုးဟာ စည်းကမ်းရှိသေတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးတယ်။ စိတ်လည်း အင်မတန်နု၊ နားလည်မှုလည်း သိပ်မရှိ၊ သူတို့ စိတ်အချမ်းသာဆုံးအချိန်က ပြိုင်တူ တေးသီဆိုချိန်ရယ်၊ ဆလံပေးပြီး အမိန့်နာခံတဲ့အခါရယ်ပဲ။

❖

A German is someone who cannot tell a lie without believing it himself.

*Theodor Adorno*

ဂျာမန်ဆိုတာ မုသားတစ်ခုကို ကိုယ်တိုင်ယုံကြည်ပြီးမှ ပြောနိုင်တဲ့သူပဲ။

❖

The German mind has a talent for making no mistakes but the very greatest.

*Clifton fadiman*

ဂျာမန်တွေဟာ အမှားလုပ်ခဲတယ်၊ လုပ်လိုက်ရင်လည်း တကယ့် မဟာအမှားတော်ပုံကြီးတွေပဲ။

❖



I love Germany so dearly that I hope there will always be two of them.

*Francois Mauriac*

ချစ်လွန်းလို့ ဂျာမနီနှစ်ခုအမြဲရှိပါစေလို့ ဆုတောင်း။

❖

It should have been written into the armistice treaty that the Germans would be required to lay down their accordions with their arms.

*Bill Bryson*

စစ်ပြေငြိမ်းစာချုပ်ထဲမှာ ဂျာမန်တွေလက်နက်နဲ့အတူ သူတို့ အကော်ဒီယန်တွေပါ အပ်ရမယ်လို့ ထည့်ရေးလိုက်ဖို့ကောင်းတယ်။

❖

The East German manages to combine a Teutonic capacity for bureaucracy with a Russian capacity for infinite delay.

*Goronwy Rees*

အရှေ့ဂျာမန်တွေဟာ ကြူတန်တွေရဲ့ ဗြူရိုကရေစီအလေ့အကျင့်နဲ့ ရုရှားတွေရဲ့ လေးကန်မှုကို ပေါင်းစပ်ထားတယ်။

❖